ကန့်သတ်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# မြန်မာနိုင်ငံတော်ဗဟိုဘဏ်

## ညွှန်ကြားချက်အမှတ် ( ၈/၂၀၂၁ )

ရက်စွဲ၊ ၂၀၂၁ ခုနှစ်၊ မေလ ၁၂ ရက်

အကြောင်းအရာ။ **နိုင်ငံခြားငွေကြေးဈေးကွက်တွင် ရောင်းဈေးနှုန်းနှင့် ဝယ်ဈေးနှုန်းအကြား အများဆုံးထားရှိရမည့် ကွာဟချက် (spread) သတ်မှတ်ခြင်းကိစ္စ**

ရည် ညွှန်း ချက် ။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ (၉-၄-၂၀၂၁) ရက်စွဲပါ ညွှန်ကြားချက်အမှတ် (၅/၂၀၂၁)

၁။ နိုင်ငံခြားသုံးငွေများရောင်းဝယ်ဖောက်ကားသည့်လုပ်ငန်း (AD) လိုင်စင်ရဘဏ်များက သော်လည်းကောင်း၊ နိုင်ငံခြားငွေများ ဝယ်ယူရောင်းချလဲလှယ်ပေးခွင့် (MC) လိုင်စင်ရရှိသူများက သော်လည်းကောင်း နိုင်ငံခြားငွေများ ရောင်းဝယ်ဖောက်ကားရာတွင် ရောင်းဈေးနှုန်းနှင့် ဝယ်ဈေးနှုန်း အကြား ကွာဟချက် (spread) အား ၁.၆ % ထက် မပိုစေဘဲ သတ်မှတ်ဆောင်ရွက်ရန် ရည်ညွှန်းချက်ပါ ညွှန်ကြားချက်ဖြင့် ညွှန်ကြားခဲ့ပြီးဖြစ်ပါသည်။

၂။ ယခုအခါ အဆိုပါ နိုင်ငံခြားငွေများ ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ လဲလှယ်ခြင်းနှင့်စပ်လျဉ်း၍ ရောင်းဈေးနှုန်း နှင့် ဝယ်ဈေးနှုန်းအကြား ကွာဟချက် (spread) အား ၁ % ထက်မပိုစေဘဲ သတ်မှတ်ဆောင်ရွက်ရန် ပြင်ဆင်ညွှန်ကြားလိုက်သည်။ အဆိုပါ သတ်မှတ်ချက်အား ကျော်လွန်ဆောင်ရွက်ပါက နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ၊ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုစည်းမျဉ်းတို့အရ အရေးယူမည် ဖြစ်ကြောင်း အသိပေးပါသည်။

(ပုံ)xxxxxxxxxxx
ဥက္ကဋ္ဌ (ကိုယ်စား)
( ဝင်းသော် ၊ ဒုတိယဥက္ကဋ္ဌ)

**ဖြန့်ဝေခြင်း**

နိုင်ငံခြားသုံးငွေများရောင်းဝယ်ဖောက်ကားသည့်လုပ်ငန်း (AD) လိုင်စင်ရဘဏ်များ
နိုင်ငံခြားငွေများဝယ်ယူရောင်းချလဲလှယ်ပေးခွင့်လိုင်စင် (MC) လိုင်စင်ရရှိသူများ

မိတ္တူကို
ရုံးလက်ခံ/မျှောစာတွဲ

ကန့်သတ်